အရှေ့တောင်ကျေးရွာ

မြိတ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ - ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အရှေ့တောင်ကျေးရွာ၊ မြိတ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြိတ်မြို့နယ်နှင့်

အရှေ့တောင်ကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့ကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်၊ လ

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **အရှေ့တောင်ကျေးရွာ သယံဇာတပြဓေပုံ၊ မြိတ်မြို့နယ်** | ၅ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ |
| | (ဂ) ငါးလုပ်ငန်း | ၈ |
| | (ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၉ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၀ |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၁ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၂ |
| ၉။ | **ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၂ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၃ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၆ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၇ |
| | နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၂၃ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၂၉ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၆၁ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၃ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့်

သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**ဒီဇင်ဘာလ၊ ၂၀၁၉**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**


**အရှေ့တောင်ကျေးရွာ**

**မြိတ်မြို့နယ်**


## အရှေ့တောင်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်



## အရှေ့တောင်ကျေးရွာ Seasonal Calendar



# အရွေ့တောင်ကျေးရွာ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

အရှေ့တောင်ကျေးရွာသည်မဇ္ဈကျေးရွာအုပ်စု၊ မြိတ်မြို့နယ်တွင် ပါဝင်ပြီး လွန်ခဲ့သောနှစ်ပေါင်း (၁၀၀) ကျော်ခန့်ကပင်တည်ရှိနေသောရွာတစ်ရွာဖြစ်ပါသည်။ အရှေ့ဘက်တွင် ပြင်ကြီးကျေးရွာ အနောက်တောင်ဘက်တွင်ဝိုင်းတောင်ကျေးရွာတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ အရှေ့တောင်ကျေးရွာသည် ပထဝီဝင်အနေအထားအရ တောင်ကုန်း၊ တောင်တန်းပေါများသော ရွာတစ်ရွာဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

အရှေ့တောင်ကျေးရွာသည် ပူ၍မိုးများသောအပူပိုင်းမိုးသစ်တော ရာသီဥတု ကျရောက်သည့် ဒေသအတွင်းတည်ရှိပါသည်။ သဘာဝအရင်းအမြစ်များအနေဖြင့် ရွာတွင် အလိုအလျောက်ပေါက်ရောက်နေသော ကမ်းဇော်သီးပင်များပေါများသဖြင့် ကမ်းဇော်ဆီများ ထွက်ရှိပါသည်။အခြားသော သတ္တု၊ ကျောက်မျက်၊ ခဲ စသည့်သယံဇာတတွင်းထွက်များမှာ အလွန်ပင်ရှားပါးလှပါသည်။ ထိုသို့သယံဇာတတွင်းထွက်များမရှိသဖြင့် ကျေးရွာရှိ အိမ်ထောင်စုတစ်စုချင်းစီ၏ဝင်ငွေဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင် အစစအရာရာ နှောင့်နှေးနေပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

အရှေ့ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၆၉) အိမ်ရှိပြီး လူဦးရေပေါင်း (၃၈၂) ဦး ရှိပါသည်။အရှေ့တောင်ကျေးရွာတွင် ဖွံ့ဖြိုးရေးပိုင်းအနေဖြင့် တိုးတက်မှုမရှိသော ရွာတစ်ရွာပင်ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖ အဖွဲ့၊ ေဂပါကအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ နာရေးကူညီမှုအသင်း၊ မိန်းမကြီးအဖွဲ့၊ ကာလသား ကာလသမီးအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ စသည်တို့သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။

ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော Korea Hanar, Vision Fund စသည့် အဖွဲ့အစည်းများသည် ကျေးရွာသူ/သားများ၏ ငွေကြေးကဏ္ဍအတွက် လိုအပ်သော ချေးငွေများကို ထုတ်ချေးပေးနေပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်ပေး လျက်ရှိပါသည်။ ကျန်ရှိသောကဏ္ဍများပါ တိုးတက်လာစေရန်အတွက် အခြားသော သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ချိတ်ဆက်ရန် လိုအပ်နေပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

အရှေ့တောင်ကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၂၀၅.၆) ဧက၊ ဥယျာဉ်ခြံမြေ (၃၂၈.၂) ဧက၊ ခနိတောမြေ (၁၈.၀၀) ဧကနှင့် စားကျက်မြေ (၁၅.၀၀) ဧက၊ စုစုပေါင်း (၅၆၆.၈) ဧက ရှိပါသည်။ ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၈) အိမ်ထောင်စု၊ ၂.၅ဧကမှ ၅ ဧကကြား တောင်သူငယ် (၇) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၁၇) အိမ်ထောင်စု၊ ၁၂.၅ ဧကအထက် တောင်သူကြီး (၆) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးသီးနှံကို အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စု၏ (၄၅%)ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့်ပြည်ပတွင် သွားရောက်လုပ်ကိုင်နေကြပါသည်။

စီးပွားရေးအနေဖြင့် သင့်တင့်မျှတကောင်းမွန်သော ရွာတစ်ရွာဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသောရွာတစ်ရွာဖြစ်သော်လည်း ရွာ၏ဝမ်းစာဖူလုံမှုအတွက် သာ စိုက်ပျိုးနိုင်ပြီး ဈေးကွက်သို့တင်ပို့ရောင်းချနိုင်မှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်း၊ မြေဆီလွှာမကောင်းခြင်း၊ သီးနှံပိုးမွှားရောဂါ ကျရောက်ခြင်းများ ရှိနေပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေကိုသာအဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စပါး အထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၄၅) တင်းသာ ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် ထွန်စက် (၃၂) စီးရှိပြီး၊ ရိတ်သိမ်းစက် (၂) လုံး၊ ခြွေလှေ့စက်(၆)လုံးနှင့် မြက်ရိတ်စက် (၅၂) လုံး ရှိပါသည်။ ကိုယ်ပိုင်စက်ကိရိယာ ပိုင်ဆိုင်သည့်တောင်သူများဖြစ်ကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများကိုလည်း မြို့နှင့် အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ကြပါသည်။ သီးနှံမျိုးစေ့မှာ ဒေသမျိုးတစ်ခုကိုသာ သုံးစွဲနေပါသည်။ စိုက်ပျိုးမြေများတွင် ဆားငန်ရေ ဝင်ရောက်မှုရှိသဖြင့် မြေဆီလွှာ ပျက်စီးခြင်း၊ ပိုးမွှားရောဂါကျရောက်ခြင်း၊ စိုက်ပျိုးမြေ မတိုးချဲ့နိုင်ခြင်းများ ရှိနေပါသည်။ ကင်းဆိုးကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက် ပြဿနာများမှာ မြေအရည်အသွေး မကောင်းခြင်း၊ စိုက်ပျိုးနည်းစနစ်အတိုင်း လိုက်ပါလုပ်ဆောင်နိုင်မှုအားနည်းခြင်း၊ စိုက်ပျိုးရေ အရင်းအမြစ် အလွယ်တကူ မရရှိနိုင်ခြင်း၊ အထွက်ကောင်း သီးနှံမျိုးစေ့များ

အလွယ်တကူမရရှိခြင်း၊ ပိုးမွှားရောဂါကျရောက်မှု အနည်းငယ်ရှိခြင်း၊ စသည်တို့ရှိသည့် အတွက် စိုက်ပျိုးရေးနည်းပညာပေးသင်တန်း၊ ပိုးမွှားရောဂါကာကွယ်ရေးနှင့် သက်ဆိုင်သည့် သင်တန်း၊ ကာလရှည်ချေးငွေများ လိုအပ်နေပါသည်။

**(ခ)မွေးမြူရေးလုပ်ငန်း**

အရှေ့တောင်ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၂၂) အိမ်ရှိပြီး နွားကောင် ရေ (၅၄) ကောင်၊ အိမ်ထောင်စု (၁၀) အိမ်မှ ဝက် (၁၉) ကောင်၊ အိမ်ထောင်စု (၃၀) အိမ်မှ ကြက် (၃၈၀) ကောင်၊ အိမ်ထောင်စု (၂၇) အိမ်မှ ဘဲ (၁၂၂) ကောင် စသည်ဖြင့် စီးပွားဖြစ်မွေးမြူသည့် အိမ်ထောင်စု တစ်စုသာ ရှိပါသည်။ အများစုမှာ တစ်ပိုင် တစ်နိုင်မွေးမြူသည့် အိမ်ထောင်စုများ ဖြစ်ကြပါသည်။ရေငန်ငါးဖမ်းခြင်း လုပ်ကိုင်နေသည့် အိမ်ထောင်စု (၆) စု ရှိပါသည်။

တစ်ပိုင်တစ်နိုင် ဝက်မွေးမြူရေးကိုသာ အဓိကအားထား လုပ်ကိုင်ကြပြီး အများစုမှာ ဒေသဝက်များကိုသာ မွေးမြူကြပါသည်။ စပ်မျိုးဝက်များကို မွေးမြူသူများရှိသော်လည်း အစာရေစာရရှိနိုင်မှု မလုံလောက်ခြင်း၊ ဝက်သားပေါက်ဝယ်ယူမှု စရိတ်ကြီးမားခြင်း စသည်တို့ကြောင့် မွေးမြူသူဦးရေမှာ အလွန်ပင်နည်းပါးပါသည်။ထို့အပြင် တိရိစ္ဆာန်ရောဂါ ကျရောက်မှုနှင့်ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာ သိရှိမှုများ အားနည်းပြီး မွေးမြူရေး ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန်မရရှိပေ။စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင် မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

**(ဂ) ငါးလုပ်ငန်း**

အရှေ့တောင်ကျေးရွာမှ အိမ်ထောင်စုများသည် ကျေးရွာအနောက်ဘက်တွင် စီးဆင်းနေသော မြစ်အတွင်းတွင် ဖောင်၊ စန္ဒားများဖြင့်ကမ်းနီးငါးဖမ်းလုပ်ငန်းကိုသာ လုပ်ကိုင်ကြပါသည်။ ထိုငါးဖမ်းလုပ်ငန်းမှ သားငါးများသည် ကျေးရွာ၏စားနပ်ရိက္ခာဖူလုံမှု အတွက်သာ ရရှိပြီး အခြားနေရာများသို့ တင်ပို့ရောင်းချနိုင်ခြင်းမရှိပါ။

**(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

အရှေ့တောင်ကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ဈေးရောင်း၊ လက်ဖက်ရည်ဆိုင်၊ စက်ချုပ်၊ လက်သမား၊ ပန်းရံလုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်သားများသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန် စပါးစိုက်၊ စပါးရိတ်စသည့် လယ်ယာလုပ်ငန်းခွင်တွင် လုပ်ကိုင်ကြပါသည်။အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ အနည်းငယ်သည် ဆန်၊ စပါးကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။ ကုန်စည်များ

သယ်ယူပို့ဆောင်စရိတ်ကြီးမားသောကြောင့် အသားတင် အမြတ်ငွေနည်းပါးပါသည်။ ထို့ကြောင့် ဆန်စပါးများရောင်းချလိုသည့်အခါ အခြားနီးစပ်ရာ ကျေးရွာများရှိ ဆန်ကုန်သည်များနှင့် ရောင်းချနေကြရပါသည်။

### (ငး) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

အရှေ့တောင်ကျေးရွာတွင် လယ်ယာမြေ လုပ်ကိုင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေများလည်းရှိပါသည်။ အဖွဲ့လိုက် ငွေစုငွေချေး အစီအစဉ်၊ ငွေချေးပေးမှုနှင့် အပေါင်ဆိုင်များမှ ချေးငွေရယူမှုများမှာ အလွန်နည်းပါးလှပါသည်။ အဓိကအားဖြင့် ဆွေမျိုးများထံမှ ဘက်စုံလိုအပ်မှုအတွက် ချေးယူကြခြင်း ဖြစ်ပါသည်။ အတိုးနှုန်းမှာ (၁၀%) ဖြစ်ပြီး အပေါင်ခံပစ္စည်း အနည်းငယ် လိုအပ်ပါသည်။ ပိုင်ဆိုင်မှုမရှိလျှင် ချေးငွေရရှိရန် အခက်အခဲများ ကြုံတွေ့နေရပါသည်။ ကျေးရွာပြည်သူအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် လိုအပ်သော်လည်း အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာအတွင်း ချေးငွေလိုအပ်ချက် များပြားနေပါသည်။ ထို့ကြောင့် အစိုးရဘဏ်/ ပုဂ္ဂလိက ဘဏ်များမှအတိုးနှုန်းသက်သာစွာဖြင့် ကာလရှည်ချေးငွေများထုတ်ပေးပါက မိသားစုစားဝတ်နေရေးနှင့်စီးပွားရေးဆိုင်ရာ ကိစ္စများအတွက် မှီခိုအဆင်ပြေနိုင်ပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

အရှေ့တောင်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီများနှင့်ကားများကိုသာ အဓိကထားအသုံးပြုကြပါသည်။ မြိတ်-တနင်္သာရီ ကားလမ်းမကြီးဖောက်လုပ်ပြီးစီးသည့်အချိန်မှစ၍ ကုန်းလမ်းခရီးကို ပိုမိုအသုံးပြုနိုင်ခြင်းကြောင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဘက်ဘက်မှ မြင့်တက်လာပြီး ကုန်စည်စီးဆင်းမှုမှာလည်း လျင်မြန်လာပါသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင်ပိုင်ဆိုင်သည့်ယာဉ်မရှိခြင်းကြောင့် အရေးပေါ်ပြဿနာများဖြစ်ပေါ်လာသည့်အခါ အခက်အခဲများဖြစ်နေရပါသည်။

ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများ ဖြစ်ကြသည်။ ကျေးရွာတွင်းလမ်းများသည် မိုးရာသီတွင်သွားလာရ ခက်ခဲခြင်း၊ ဗွက်ထခြင်းများဖြစ်သည့်အတွက် ကွန်ကရစ်လမ်းသို့ အဆင့်မြင့်တင်လိုခြင်းများ ပြုလုပ်လိုကြပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

အရှေ့တောင်ကျေးရွာတွင် ကျေးရွာမီးလင်းရေးအနေဖြင့် ဆိုလာမီးသုံးစွဲမှုအိမ်ခြေမှာ (၄၅)အိမ်ခန့်ရှိ၍ အိမ်ထောင်စု(၁၅)စုမှာ အိမ်တွင်းတစ်ပိုင်တစ်နိုင် ဒီဇယ်အင်ဂျင်မီးသုံးစွဲခြင်းနှင့် ဘုရားတိုင်မီးသုံးစွဲသည့် အိမ်ထောင်စု(၁၀)စုရှိပါသည်။ လျှပ်စစ်မီးရရှိပါ ကကျေးရွာအတွင်းကျောင်းသား/သူများ၏ ပညာရေးကဏ္ဍတိုးတက်မြင့်မားလာခြင်း၊ လုံခြုံမှုပိုမိုကောင်းမွန်လာခြင်း၊ အိမ်ရှင်မများအနေဖြင့် အချိန်မီ ချက်ပြုတ်နိုင်ခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာ စေခြင်း စသည့်တို့ကို အထောက်အပံ့ပေးနိုင်ပါလိမ့်မည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

အရှေ့တောင်ကျေးရွာတွင်ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၁၀) လုံး၊ ရေဒီယို (၁၀) လုံး၊ တီဗွီ (၃၆) လုံး၊ ဂြိုလ်တုစလောင်း (၃၁) လုံး စသည်တို့မှ ရရှိသည့်အပြင် ကျေးရွာနှင့် (၂) မိုင်လောက်ဝေးသည့် ပြင်ကြီးကျေးရွာတွင် တာဝါတိုင်ရှိသည့်အတွက် ဖုန်းဖြင့် သတင်းနှင့်အချက်အလက်များကို အချိန်နှင့်တပြေးညီ သိရှိနိုင်ပါသည်။ အင်တာနက်လိုင်းမှာ အသုံးပြုရ နှေးကွေးပါသည်။

## ၆။ ပညာရေး

အရှေ့တောင်ကျေးရွာပိုင် မူလတန်းလွန်ကျောင်းတွင် ပညာသင်ကြားနိုင်ပြီး နီးစပ်ရာ ပြင်ကြီးကျေးရွာတွင် အလယ်တန်းနှင့် အထက်တန်းအဆင့်များကို ဆက်လက် ပညာသင်ယူနိုင်ပါသည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသား/သူများလည်း ရှာခိုင်နှုန်း အနည်းငယ် ရှိပါသည်။မူလတန်းပညာပြီးမြောက်မှုမှာ ကျေးရွာရှိ စုစုပေါင်းလူဦးရေ၏ (၄၂.၅၇%)၊ အလယ်တန်းပညာပြီးမြောက်မှုမှာ (၄၂.၀၁%) ရှိပြီး၊ အထက်တန်း ပညာပြီးမြောက်မှုတွင် သိသာစွာ လျော့နည်းလာပါသည်။ သို့သော်လည်း ယခင်ကာလ များနှင့် နှိုင်းစာလျှင် ဘွဲ့ရဦးရေ များပြားလာသည်ဟု ဆိုနိုင်ပါသည်။ကျောင်းသား/သူများ လုံခြုံစွာ ပညာသင်ကြားနိုင်ရန်အတွက် ကျောင်းခြံစည်းရိုးကာရံရန် လိုအပ်နေပြီး သောက်သုံးရေကို ဘုန်းတော်ကြီးကျောင်းမှ သွယ်ယူထားရသည့်အတွက် စာသင်ကျောင်းအတွင်းတွင် အဝီစိတွင်း တူးဖော်လိုကြပါသည်။

အရှေ့တောင်ကျေးရွာတွင် ယခုလက်ရှိ ပညာသင်ကြားနေသော လူဦးရေမှာ (၁၀၈) ဦးရှိပြီး ကျောင်းဆရာ/ဆရာမ လုံလောက်မှု ရှိပါသည်။ မူလတန်းကျောင်းထွက်နှုန်းမှာလည်း မရှိသလောက် နည်းပါးပါသည်။ ကျောင်းအားကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှု

မရှိသည့်အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။ မိဘဆရာအသင်း၏ ပူးပေါင်းဆောင်ရွက်မှုမှာ ကောင်းမွန်ပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

အရှေ့တောင်ကျေးရွာတွင်ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျက်ရှိပြီး၊ ၂၀၁၇ ခုနှစ် နိဝင်ဘာလတွင် ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး လာရောက်ထိုးနှံ ပေးခဲ့ပါသည်။ကျန်းမာရေးနှင့်ပတ်သက်၍ရွာသူ/သားများသည် ကျေးရွာအတွင်းနေထိုင်သော ကျန်းမာရေးဆရာမကိုသာ မှီခိုနေရပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမရှိပါ။ကျန်းမာရေးမကောင်းဖြစ်လာလျှင် (၂)မိုင်ခန့်ဝေးသော မဇော ကျေးရွာသို့ သွားရောက်၍ ပြသရပါသည်။ ကျေးရွာအတွင်း ဆေးဆိုင်ရှိသော်လည်း ဆေးများကိုစနစ်တကျသိုလှောင်ထားခြင်းအားနည်းပါသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ရောဂါပြင်းထန်သည့်လူနာများသည် မြိတ်မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသမှုခံယူကြရပါသည်။

အရှေ့တောင်ကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် ရေတွင်း (၅) တွင်းနှင့် အဝီစိတွင်း/စက်တပ် (၁) တွင်း ရှိပါသည်။ နွေရာသီတွင် ရေခမ်းခြောက်မှုများ ရှိသဖြင့် ကျေးရွာမှ (၂) မိုင်ကွာဝေးသည့် ရေအရင်းအမြစ်နေရာမှ ရေပိုက်လိုင်းသွယ်တန်းခြင်းဖြင့် တစ်ရွာလုံးအနေဖြင့် ရာသီသုံးမျိုးလုံးတွင် သောက်သုံးရေ အလုံအလောက်ရှိအောင် ဖန်တီးလိုကြပါသည်။

အရှေ့တောင်ကျေးရွာတွင် ရွာလုံးကျွတ် မသန့်ရှင်းသော အိမ်သာသုံးစွဲမှုရှိပြီး ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်သော အနေဖြင့် ကျေးရွာသူ/သားများအတွက် ဝမ်းရောဂါနှင့် ပတ်သက်သောရောဂါများ၊ ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် ဆန္ဒရှိကြပါသည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

အရှေ့တောင်ကျေးရွာတွင် သဘာဝဘေးအန္တရာယ်ကျရောက်ဖူးပါသည်။ လေပြင်းတိုက်၍ လူနေအိမ်များပြိုလဲခဲ့ပါသည်။ အကယ်၍နောက်ထပ် ဘေးအန္တရာယ် ကျရောက်မည်ဆိုပါကကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း ထားရှိမှုမရှိပါ။ အမှိုက်စွန့်ပစ်ရာတွင် စည်းစနစ်တကျမရှိဘဲ စည်းကမ်းမဲ့စွာစွန့်ပစ်လျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်သည့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ/သားများ ကောင်းကျိုး၊ဆိုးကျိုးကို ခွဲခြားတတ်လာပြီး

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာပါဝင်လုပ်ဆောင်လာမည်ဖြစ်ပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

အရှေ့တောင်ကျေးရွာတွင်အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့်အမျိုးသားဦးရေမှာ အတူတူပင်ဖြစ်သည်။ ကျေးရွာရှိအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင်နည်းပါးပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူပါဝင်လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချဧကန်တိုးတက်ပြောင်းလဲလာပါမည်။ ထိုနည်းတူစွာ ကျေးရွာတွင် အမျိုးသမီးများ၏တစ်နေ့အနည်းဆုံးလုပ်အားခသည် (၄၀၀၀)ကျပ်ဖြစ်ပြီး အမျိုးသားများ၏ တစ်နေ့အနည်းဆုံး လုပ်အားခသည် (၅၀၀၀)ကျပ်ဖြစ်ပါသည်။ ထိုမတူညီသော လုပ်အားခများက အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကို လျော့ကျစေပါသည်။ အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကိုမြင့်တင်ပေးပြီး ကျေးရွာရှိစီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည်ဖြစ်ပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ၊ ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင် မရှိသဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

## ၁၈။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - မဇော | | | ကျေးရွာအမည် - အရှေ့တောင် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၂ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | ကျေးရွာပိုင် အစည်းအဝေးခန်းမတစ်ခု သတ်မှတ်ခြင်း/ ဆောက်လုပ်ခြင်း။ | |
| ၃ | စိုက်ပျိုးရေး | နည်းပညာ | မျိုးကောင်းမျိုးသန့်ထုတ်လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။ | |
| ၄ | စိုက်ပျိုးရေး | နည်းပညာ | မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။ | |
| ၅ | စိုက်ပျိုးရေး | နည်းပညာ | ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နှင်းရေး နည်းပညာသင်တန်း/ ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၆ | စိုက်ပျိုးရေး | ဈေးကွက် | စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေးအမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၇ | စိုက်ပျိုးရေး | ဈေးကွက် | ဈေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။ | |
| ၈ | စိုက်ပျိုးရေး | စက်ကိရိယာ | ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ချိတ်ဆက်၍ လယ်ယာသုံး စက်ကိရိယာများ ငှားရမ်းခြင်း (သို့) အရစ်ကျ ဝယ်ယူနိုင်ရန် ချိတ်ဆက်ခြင်း။ | |
| ၉ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မြို့နယ် မွေး/ကုဋ္ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ပန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၁၀ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မွေးမြူရေးဈေးကွက် ဆန်းစစ်ခြင်းနှင့် ထုတ်ကုန် ဈေးကွက်ကောင်း ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၁၁ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။ | |
| ၁၂ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့် မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်) | |
| ၁၃ | ထုတ်ကုန်လုပ်ငန်းနှင့်အသေး | ထုတ်ကုန်လုပ်ငန်းများ၊ | ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက် ရှာဖွေခြင်း။ | |

| ကျေးရွာအုပ်စုအမည် - မဇော | | | ကျေးရွာအမည် - အရှေ့တောင် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| | စား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ | SMLE | | |
| ၁၄ | ငွေကြေး | အသေးစား | အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။ | |
| ၁၅ | ငွေကြေး | အသေးစား | အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။ | |
| ၁၆ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းခြံစည်းရိုး အား အုတ်တံတိုင်းဖြင့် ကာရန်ခြင်း။ | |
| ၁၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | စာသင်ကျောင်းအဆောက်အဦပြင်ဆင်ရန်လိုအပ်ခြင်း။ | |
| ၁၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | အားကစားကွင်း ပြင်ဆင်ခြင်းနှင့် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။ | |
| ၁၉ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ဆရာ/ဆရာမဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း(၃၀'-၅၀') | တတိယ |
| ၂၀ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း။ | |
| ၂၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာတွင်းလမ်း မြေသားလမ်း ကို ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | ဒုတိယ |
| ၂၂ | အခြေခံအဆောက်အဦ | သောက်သုံးရေ | ရေပိုက်လိုင်း သွယ်တန်းရေးအတွက် ကျေးရွာကော်မတီနှင့် ကျေးလက်ဦးစီးဌာန လက်တွဲဆောင်ရွက်ခြင်း။ | ပထမ |
| ၂၃ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | လျှပ်စစ်မီး ချိတ်ဆက်သွယ်တန်းရန် သက်ဆိုင်ရာ ဦးစီးဌာန/ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ခြင်း။ | |
| ၂၄ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | ရပ်ရွာဖွံ့ဖြိုးရေးများတွင် အသိပညာ၊ အတတ်ပညာများ ရရှိနိုင်ရေး ဖွံ့ဖြိုးရေးလူငယ်အဖွဲ့တစ်ခု ဖွဲ့စည်းလုပ်ဆောင်ခြင်း။ | |
| ၂၅ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | ကျေးရွာပိုင် စာကြည့်တိုက်အား ဆောက်လုပ်ခြင်း။ | |

| ကျေးရွာအုပ်စုအမည် - မဇော | | | ကျေးရွာအမည် - အရှေ့တောင် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၂၆ | လူငယ်နှင့်အားကစား | အားကစား | အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။ | |
| ၂၇ | လူငယ်နှင့်အားကစား | အမျိုးသမီး | အမျိုးသမီးများအား တရားဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ | |
| ၂၈ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | မူးယစ်ဆေးဝါး သုံးစွဲမှုလျော့ချရေးအတွက် ဟောပြောပွဲများ ပြုလုပ်ခြင်း။ | |
| ၂၉ | သယံဇာတနှင့်သဘာဝဝန်းကျင် | သဘာဝဘေး လျော့ချရေး | သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများ အား ချိတ်ဆက်ခြင်း။ | |

နောက်ဆက်တွဲ (၁)

## အရှေ့တောင်ကျေးရွာ၊ မဇောကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးကျော်ဌေး | ဦးအိုမဲ | ဖ/မအရ(နိုင်)၁၀၇၇၇၆ | ၃၉ | ဥက္ကဋ္ဌ | 09251455377 |
| ၂ | ဦးအုန်းမောင် | ဦးနေထူး | ဖ/မအရ(နိုင်)၀၈၅၇၅၁ | ၄၂ | အတွင်းရေးမှူး | 09268865179 |
| ၃ | ဒေါ်တင်တင်ချို | ဦးလွန်းစိန် | ဖ/မမန(နိုင်)၂၂၀၉၅၁ | ၃၃ | စာရင်းကိုင် | 09251213421 |
| ၄ | ဒေါ်အေးအေးဌေး | ဦးဘတုတ် | ဖ/တသရ(နိုင်)၀၃၃၈၉၇ | ၃၈ | ဘဏ္ဍာရေးမှူး | |
| ၅ | ဦးသန်းဦး | ဦးစိန်ဝင်း | ဖ/မမန(နိုင်)၁၄၆၆၃၇ | ၅၅ | အဖွဲ့ဝင် | |
| ၆ | ဦးကျော်နိုင် | ဦးမောင် | ဖ/မမန(နိုင်)၀၈၅၇၅၁ | ၄၂ | အဖွဲ့ဝင် | |
| ၇ | ဒေါ်ပန်းပု | ဦးမောင်ပန်း | ဖ/မမန(နိုင်)၁၇၂၈၀၈ | ၃၁ | အဖွဲ့ဝင် | |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄ | ၅ | ၉ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၁၃ | ၁၁ | ၂၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၂ | ၁၇ | ၃၉ |
| ၁၀ နှစ်မှ ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၁ | ၁၅ | ၃၆ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၂၀ | ၁၃၁ | ၂၅၁ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၁ | ၁၂ | ၂၃ |
| **စုစုပေါင်း** | | **၁၉၁** | **၁၉၁** | **၃၈၂** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၆၉** | | |

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။အရှေ့တောင်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၆၉) အိမ်ရှိပြီး လူဦးရေပေါင်း(၃၈၂) ဦးရှိပါသည်။ ကျေးရွာတွင် တစ်နှစ်အောက်နို့စို့အရွယ် (၂.၃%)၊ ၅နှစ်အောက် ကလေးအရွယ် (၆.၃%)၊ မူလတန်းကျောင်းသားအရွယ် (၁၀.၂%)၊ အလယ်တန်းကျောင်းသား အရွယ် (၉.၄%)၊ သက်ကြီးရွယ်ကြီးအရွယ်(၆.၀%)ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ် နိုင်သည့်လူဦးရေသည်တစ်ရွာလုံးရှိလူဦးရေ၏ (၃၄.၃%) နှင့် အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၁၂၀)ဦး၊မ(၁၃၁)ဦးစုစုပေါင်း(၂၅၁)ဦးရှိပြီးတစ်ရွာလုံးလူဦးရေ၏ (၆၅.၇%)ရှိပါသည်။ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၅) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် ပိုနေပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများ အဖြစ်ထောက်ပံ့မှုပေးနိုင်ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၇ | ၃၃ | ၂၃ | မြင့်☑လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | ၁၇ | မြင့်☐လတ်☐နိမ့်☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☑ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၈ | | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆရာပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၁၆ | **ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်□လတ်□နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်☑ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်□လတ်□နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်□ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၃၃ | ၄၉ | ၃၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်□လတ်□နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်□လတ်□နိမ့်☑ |
| | **စုစုပေါင်း** | ၆၉ | ၉၃ | ၇၈ | ☒ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရုပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင် လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။အရှေ့တောင်ကျေးရွာ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်အဓိက ဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူအိမ်ထောင်စုများပြားပါသည်။ ရေလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ကိုင်သော အိမ်ထောင်စု(၆) အိမ်ရှိပြီး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ(၁) အိမ်ရှိပါသည်။ အခြား အိမ်ထောင်စုများမှာအမျိုးအမည်မဖော်ပြနိုင်သောလုပ်ငန်းများ၊ဆိုင်ကယ်ပြုပြင်ဆိုင်၊ ခနိဖက် လုပ်ငန်း၊ သကျက်ဖျာယက်လုပ်ခြင်းလုပ်ငန်းများ လုပ်ကိုင်နေကြပြီး အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးရန်လိုအပ်လျက်ရှိပါသည်။

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | - | ၇၀၀၀ | ၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။အရှေ့တောင်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေး (လယ်) လုပ်ငန်းတွင်

နေ့စားပုတ်ပြတ် အလုပ်လုပ်သူ ပိုမိုများပြားပါသည်။ တစ်နေ့တွင် အမျိုးသား(၈,၀၀၀)၊ အမျိုးသမီး(၆,၀၀၀)ကျပ် ရရှိပါသည်။ ထုတ်ကုန်လုပ်ငန်းတွင် အမျိုးသား(၈,၀၀၀)ကျပ်၊ အမျိုးသမီး(၅,၀၀၀)ကျပ်၊ ပန်းရံလုပ်ကိုင်သူများတွင် အမျိုးသား(၁၅,၀၀၀)၊ အမျိုးသမီး (၅,၀၀၀) ကျပ် စသည်ဖြင့် ရရှိပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၂၀၅.၆ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၃၂၈.၂ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ဓနိတောမြေ | ၁၈ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| စားကျက်မြေ | ၁၅ | ကောင်း ☐ | သင့်☐ | ညံ့ ☑ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| **စုစုပေါင်း** | **၅၆၆.၈** | ☒ | | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။စိုက်ပျိုးမြေအများစုမှာ လယ်မြေနှင့်ဥယျာဉ်ခြံမြေများဖြစ်ပြီး မြေဆီလွှာအရည်အသွေးအသင့်တင့်ရှိသည့် အခြေအနေတွင်ရှိပါသည်။ စိုက်ပျိုးမြေများသို့ ဆားငန်ရေဝင်ရောက်မှုရှိသည့်အတွက် မြေဆီလွှာပျက်စီးခြင်းများကြုံတွေ့နေရပါသည်။ ပိုးမွှားရောဂါကျရောက်မှု ရှိသည့်အတွက် စိုက်ပျိုးရေးနှင့်ပတ်သက်သော နည်းပညာပေးသင်တန်းများ ပို့ချပေးရန်လိုအပ်နေပါသည်။ ကွမ်းသီးနှင့်ရာသီစာ သီးနှံ(အပင်နု)များ၊ ရော်ဘာပင်များကိုလည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။

### (ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံ | များ☐ | သင့်☐ | နည်း☐ | မရှိ☑ | လွယ်☐ | ခက်☐ | အသုံးမပြုနိုင်ပါ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|
| ဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | | | | | ☑ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ | သင့်☐ | နည်း☐ | မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ | သင့်☐ | နည်း☑ | မရှိ☐ | လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ | သင့်☐ | နည်း☐ | မရှိ☑ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။အရှေ့တောင်ကျေးရွာတွင်သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ သဘာဝ အပင်မျိုးစိတ်များ၊ ဘဘာဝတိရိစ္ဆာန်မျိုးစိတ်များ ထွက်ရှိခြင်းမရှိသည့်အတွက် အခြားကျေးရွာများမှ ဝယ်ယူနေရပြီး ဆေးဖက်ဝင်အပင်များထွက်ရှိမှုအနည်းငယ်ရှိပါသည်။

### (ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | ၇ | ၂၆ | ၂၇ | ၉ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ အရှေ့တောင်ကျေးရွာတွင် ကျေးရွာအိမ်ထောင်စု၏ (၇)အိမ်ခန့်သည် အဆင်ပြေသော အိမ်ထောင်စုများဖြစ်ကြပြီး အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ (၂၆)အိမ်ရှိသည့်အတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်း စသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သောအိမ်ထောင်စုများနှင့် အလွန်မပြေလည်သောအိမ်ထောင်စု(၃၇.၅%) မှာ မိသားစုစားဝတ်နေရေးအတွက် အခက်အခဲများရှိနေပါသည်။

## (c) ထိခိုက်လွယ်မှု

### (c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____<br>လုပ်အားခကြိုယူ= _____ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____<br>လုပ်အားခကြိုယူ= _____ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၄ | အခြားအစာပြောင်းလဲစား= _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = ____၄_____<br>လုပ်အားခကြိုယူ= _____ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။အရှေ့တောင်ကျေးရွာတွင် ဝမ်းစာဖူလုံမှုမရှိသည့်အိမ်ထောင်စုမရှိသလောက် နည်းပါသည်။ သို့ရာတွင်အချို့သောအိမ်ထောင်စု(၄)စုမျှသာ ဝမ်းစာမဖူလုံသည့်အခါ ချေးငွေယူ၍ ဖြေရှင်းကြရပါသည်။

### (c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။အရှေ့တောင်ကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများအနေဖြင့် ထိခိုက်လွယ်မှုအခြေအနေတွင်မရှိသော်လည်း အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၁၁)စုရှိပါသည်။ ထိုအိမ်ထောင်စုများမှာလည်းအလုပ်အကိုင်အသင့်အတင့် အဆင်ပြေ

သည့် သူများဖြစ်ပါသည်။

**(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် □လတ် □နိမ့်□မရှိ ☑ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် □လတ် ☑နိမ့်□မရှိ □ |
| ၃ | ရေကြီးခြင်း | မြင့် □လတ် □ နိမ့်□မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် □လတ် □ နိမ့်□မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် □လတ် □ နိမ့်□မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် □လတ် □ နိမ့်□မရှိ ☑ |
| ၇ | ငလျင် | မြင့် □လတ် □ နိမ့်□မရှိ ☑ |
| ၈ | မီးဘေး | မြင့် □လတ် □ နိမ့်□မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် □လတ် ☑နိမ့်□မရှိ □ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် □လတ် ☑နိမ့်□မရှိ □ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် □လတ် ☑နိမ့်□ မရှိ □ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် □လတ် □ နိမ့်□ မရှိ ☑ |
| ၁၃ | တီဘီရောဂါ | မြင့် □လတ် □ နိမ့်☑ မရှိ □ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် □လတ် □ နိမ့်□မရှိ ☑ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် □လတ် □ နိမ့်□မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် □လတ် □နိမ့်☑မရှိ □ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် □ လတ် □ နိမ့်□မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် □လတ် □ နိမ့်□မရှိ ☑ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။အရှေ့တောင်ကျေးရွာတွင် သဘာဝအရင်းအမြစ်ထွက်ရှိမှု ရှားပါးပါသည်။ သဘာဝအရင်းအမြစ် စိုက်ပျိုးမြေ တိုးချဲ့နိုင်ခြင်းမရှိပါ။ စိုက်ပျိုးရေလည်းရှားပါးပါသည်။ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲ ခြင်း၊မုန်တိုင်းကျရောက်ခြင်း၊ ငလျင်လှုပ်ခြင်း၊ မြေပြိုခြင်းများမရှိသော်လည်း သစ်တောပြုန်းတီးခြင်း၊ ဆားငန်ရေဝင်ရောက်ခြင်း အနည်းငယ် ရှိပါသည်။ ငှက်ဖျားရောဂါ၊ ကိုယ်ခံအားကျဆင်းမှုရောဂါများ ဖြစ်ပွားခြင်း မရှိပါ။ တီဘီရောဂါ ဖြစ်ပွားသူ(၁)ဦးနှင့် ပိုလီယို ရောဂါရှိသူ(၁)ဦးရှိပါသည်။ တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်မှု အနည်းငယ်ရှိသော်လည်း မွေး/ကုဦးစီးဌာနမှ ဆရာဝန်များနှင့်ချိတ်ဆက်ရမည့် နည်းလမ်းများ ကိုမသိရှိခြင်းကြောင့် အခက်အခဲ အနည်းငယ် ရှိပါသည်။ လူကုန်ကူးခြင်းနှင့် လမ်းပန်း ဆက်သွယ်ရေးခက်ခဲခြင်းများ မရှိပေ။

## (၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် □လတ် □နိမ့်□မရှိ ☑ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် □လတ် □နိမ့်☑မရှိ □ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် □လတ် ☑နိမ့်□မရှိ □ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် □လတ် □နိမ့်□မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် □လတ် □နိမ့်□မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် □ လတ် □ နိမ့်□ မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် □ လတ် □ နိမ့်□ မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် □ လတ် □ နိမ့်□ မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် □ လတ် □ နိမ့်□ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် □ လတ် □ နိမ့်☑ မရှိ □ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် □ လတ် □ နိမ့်□ မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် □ လတ် □ နိမ့်□ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် □ လတ် □ နိမ့်□ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် □ လတ် □ နိမ့်□ မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် □ လတ် □ နိမ့်□ မရှိ ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် □ လတ် □ နိမ့်□ မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် □ လတ် □ နိမ့်☑ မရှိ □ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် □လတ် □နိမ့်☑မရှိ □ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် □ လတ် □ နိမ့်☑ မရှိ □ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် □ လတ် □ နိမ့်□ မရှိ ☑ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။အရှေ့တောင်ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးပြီး၊ သဘာဝ အရင်းအမြစ်များရှားပါးသဖြင့် မြေယာမဲ့ဆင်းရဲသားတောင်သူများမှာ ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အခြေအနေမျိုးတွင်ရှိပါသည်။အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု၊ ရွှေ့ပြောင်းလုပ်သားများ၊ လက်လုပ်လက်စား ကျပန်းလုပ်သားများ၊ နေရပ်ပြန်အခြေချသူများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းသူများမှာ ထိခိုက်သက်ရောက်ခံရနိုင်မှု အနည်းငယ်ရှိနိုင်ပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ရပ်မိရပ်ဖ အဖွဲ့ | ၁☐ ၂☑ ၃☐ | ၇ | - | ၇ | ပညာရေး☐ဘွေကြေး☑<br>ကျန်းမာရေး☑ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၂ | မိန်းမကြီး/ ကာလသား/ သမီးအဖွဲ့ | ၁☐ ၂☑ ၃☐ | ၂၃ | ၃၀ | ၅၃ | ပညာရေး☐ဘွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၃ | ကျောင်းအကျိုးတော်ဆောင် | ၁☐ ၂☐ ၃☑ | ၅ | ၂ | ၇ | ပညာရေး☑ဘွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
